# ဝေးဝေးကသက်တံ

သင်းသင်းသာ

သင်းသင်းသာ ဝေးဝေးကသက်တံ

♥ ♥ ♥

## နှလုံးသားအားလုံးအတွက်

## ရေးသောမှတ်ချက်

"အဲဒီ သက်တံဟာ၊ ဟိုး...ဝေးဝေးမှာလေ" တဲ့။

ဆရာမသင်းသင်းသာက သူမ၏ ဝတ္ထုထဲမှာ ရေးထားတာ ဖြစ်လေသည်။ ကျွန်တော်က မိမိနှလုံးသားနှင့် အနီးတစ်ဝိုက်မှာရှိသော သက်တံတချို့ကို သတိရနေမိပေသည်။

♥ ♥ ♥

## (၁)

## သက်တံ

လိုက်ခဲ့မယ်နော်

လက်မောင်းပေါ်မှာ

နှုတ်ခမ်းပေါ်မှာ

အိပ်ပျော်မှာပါ

နွံ့လွှာနက်နက်

ခြေတစ်ဖက်ကျွံနစ်

ရုန်းထွက်ဖို့ မဖြစ်နိုင်တော့ဘူးကွယ်။

ဟောသည်မှာလေ

တိမ်တွေတောင် ကြွေမွကုန်ပြီ

(တွေ့လား)

ယုံလိုက်စမ်းပါ မန်းသီတာရယ်

တကယ်ပါ

ဇာခန်းဆီးလေးကို လွင့်သွားနိုင်စေနိုင်တာပါ။

အချိုခန်းသွားတဲ့ပန်း

လွမ်းတတ်ရင်တော့၊ လွမ်းဖို့ကောင်းတာပေါ့

တစ်ထစ်လျှော့စရာ

သိက္ခာ ..

မာန ..

ဘာမှ မကျန်ရစ်တော့လို့ပါ။

ဟင့်အင်း

ပိုက်ဆိုင်ခြင်းနဲ့ ဆုံးရှုံးခြင်းအကြား

တခြား ဘာမှမရှိရ

“တစ်ခါတစ်ရံ” ဆိုတဲ့စကား

တရားမမဲ့လွန်းဘူးလားဟင်

သွားလိုက်ပါတော့လေ

သည်နေရာမှာပဲ နေခဲ့မယ်။

လမ်း ၃၈

လွယ်အိတ်အဖြူ၊ စာအုပ်ထူများ

စကားပန်းပွင့်၊ ခွာမြင့်ဖိနပ်

အမှတ် ၁ ဘတ်စကား

အားလုံးကို ကျေးဇူးတင်ပါတယ်။

ရွှေရှာတာ မဟုတ်ဘူး

ငွေရှာတာ မဟုတ်ဘူး

အချိုရှာတာပါ ကိုကိုရယ်

သစ္စာဆိုတာ ဒါလား

ဘီယာလိုပဲ ခါးတယ်နော်။ ။

**ဂျူး**

**(ရှုမဝ၊ ဇန်နဝါရီ၊ ၁၉၈၃)**

ဆရာမ သင်းသင်းသာနှင့် ကျွန်တော်တို့ ကဗျာဆရာ အသိုက်အဝန်းတို့ ဆက်စပ်မိခဲ့ကြသည်မှာ နှစ်များစွာ မကြာသေးသောင်းတတ်လှသေးပါ။ သူမနှင့် ကျွန်တော်တို့ ထိတွေ့စ၊ ငယ်နုပျိုမျစ်သော သူမ ရေးဖွဲ့ခဲ့သည့် မဂ္ဂဇင်းစာမျက်နှာများပေါ်က ဝတ္ထုတွေကတော့ (တစ်စုံတစ်ရာ) ရင့်ကျက်နေခဲ့ပေပြီ။ ရင့်ကျက်ခြင်းသည် သူမ၏ ဝတ္ထုဒဿနကို ဖော်ပြ၍ ထိုဒဿနကို ဖွဲ့နွဲ့သော သူမ၏ ဝတ္ထု အတတ်ပညာတွင် အလှဗေဒရှိလေသည်။

သူမ ဖြတ်သန်း စီးဆင်းလာသော စာပေ

အနုပညာလမ်းကြောင်းတစ်လျှောက် ကမ်းပါးတစ်ဝိုက်တွင် အသက်အရွယ်အလိုက်၊ သမိုင်းခေတ် လှုပ်ရှားမှုအလိုက် သူမ၏ ရင်ခုန်သံနှင့် လျော်ညီသော သက်တံတစ်ခုတစ်လေကို သူမ တွေ့ရှိကောင်း တွေ့ရှိခဲ့ပေလိမ့်မည်။

ထိုသက်တံ၏ သစ္စာတရားသည် ဘီယာလိုပဲ ခါးသက်နေခဲ့မည်လားမသိ။

♥ ♥ ♥

(၂)

## သက်တံမြစ်

ညနေခင်းတစ်ခု

မိုးစဲလင်းပွင့်ကောင်းကင်မှာ

ဟာ...

လှလိုက်တဲ့ သက်တံကြီးတစ်စင်း

စီးဆင်းနေတာတွေ့တယ်။

ရုတ်တရက်ပဲ

ငါ ကြေကွဲခဲ့ရပေါ့။

ဘဝဆိုတာ

သက်တံလိုပါလား . . .

ရှိတော့ရှိရဲ့

ဒါပေမဲ့...

အရှိမဲ့...

**ထူးအိမ်သင်**

**(သရဖူ၊ ဇူလိုင် ၁၉၉၅)**

♥ ♥ ♥

နှစ်များ ကြာသောအခါ ....။

အရွယ်က အသိကို ပြဌာန်းကောင်း ပြဌာန်းခဲ့ပေတော့မည်။ ဆရာမသင်းသင်းသာအား စာပေနှင့် ယဉ်ကျေးမှု မျက်နှာစာကို ရွေးချယ်ဖြတ်သန်းလာသော ဝတ္ထုရေးသူတစ်ဦး၊ အယ်ဒီတာတစ်ဦး အဖြစ် ကျွန်တော်တို့ ထိတွေ့ဆက်ဆံရသောအခါတွင်လည်း သူမ၏ ဝတ္ထုရေစီး၌ လှိုင်းတို့နွဲ့ဆဲ။

ထိုအချိန်တွင် သူမသည် ဘဝဆိုတာ သက်တံလိုပါလားဟု အရှိမဲ့ သက်တံတစ်စင်းကို ဆင်ခြင် တွေးတောနေမည်လား။ နေလိမ့်မည်ဟု ထင်ပါသည်။ သူမ၏ ဝတ္ထုဒဿနနှင့် ဝတ္ထုအတတ်ပညာတို့ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီကို မဂ္ဂဇင်းစာမျက်နှာများပေါ်တွင် ကျွန်တော်တို့မြင်တွေ့ကြရပြီ မဟုတ်လား။

၂၀ ရာစု ကုန်ခါနီး နှစ်များတွင် မဂ္ဂဇင်းဝတ္ထုများ ဖွဲ့နွဲ့ခဲ့သော သူမ၏ အထံမှ ယခုအခါ ကျွန်တော်တို့သည် ၂၁ ရာစု အဝင်အဦးအစတွင် သူမ၏ ပထမဦးဆုံး လုံးချင်းဝတ္ထုရှည်ကို ဖတ်ခွင့်ရ ကြပြီ ဖြစ်သည်။ ဆရာမသင်းသင်းသာသည် သူမ၏ ဝတ္ထုရှည်ကို "ဝေးဝေးကသက်တံ"ဟု အမည် ပေးခဲ့လေသည်။

"အဲဒီ သက်တံဟာ၊ ဟိုး...ဝေးဝေးမှာလေ" တဲ့။

♥ ♥ ♥